ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

18.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၁၅) ဦး	(၅) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

နေပြည်တော်

ဧပြီလ(၁၆)ရက်နေ့ည(၅:၅၈)နာရီခန့်တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာဈေးအနီးရှိ ရဲဂိတ်ကို စစ်တောင်းမြို့ပြပြောက်ကျားအဖွဲ့နှင့် ဒက္ခိဏသီရိမြို့နယ်(ပကဖ) ပူးပေါင်းတပ်ဖွဲ့များက လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲ(၆)ဦးခန့် သေဆုံးခဲ့သည်။

ကရင်ပြည်နယ်

ဧပြီလ(၁၈)ရက်နေ့မနက်(၆)နာရီခန့်တွင် မြဝတီမြို့နယ်၊ မဲကနယ်ကျေးရွာအတွင်းသို့ KNU ယူနီဖောင်းဖြင့် အသွင်ယူကာ စစ်ကြောင်းထိုးလာသည့် ရန်သူ့စစ်ကြောင်းကို ကော်ဘရာ စစ်ကြောင်း (၂)၊ Venom Column စစ်ကြောင်းတို့က ပူးပေါင်းတိုက်ခိုက်ခဲ့ရာ ရန်သူ(၂)ဦး သေဆုံးပြီး လက်နက် (၂)လက် သိမ်းဆည်းရမိခဲ့ကာ နေ့လယ်ပိုင်းတွင်လည်း လက်နက်ကြီး ပစ်သံများ ကြားနေရကြောင်း သိရသည်။

မွန်ပြည်နယ်

- ဧပြီလ(၁၇)ရက်နေ့မနက်(၁၀:၂၀)နာရီခန့်တွင် သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့တွင်းရှိ သိမ်ဆိပ်နယ်မြေရဲစခန်းကို သထုံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(သထုံပကဖ) ၊KNLAတပ်ခွဲ(၃)နှင့် HRS ပူးပေါင်းတပ်ဖွဲ့မှ ၄၀မမဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ စခန်းမှူးနေအိမ်၊ ရဲစခန်းဝန်းအတွင်းသို့ ဗုံးသီးများထိမှန်ပေါက်ကွဲခဲ့ပြီး ရဲတပ်ဖွဲ့ဝင်(၁)ဦးသေဆုံးခဲ့ကာ စခန်းမှူးအပါအဝင် (၄)ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
- ဧပြီလ(၁၇)ရက်နေ့မနက်(၁၀:၂၀)နာရီခန့်တွင် သထုံမြို့နယ်၊ ခမရ၉ (ဘီးလင်း/ တမခ၄၄) ကို သထုံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(သထုံပကဖ) ၊KNLAတပ်ခွဲ(၃)နှင့် HRS ပူးပေါင်းတပ်ဖွဲ့မှ ၆၀မမဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ရင်းမှူးနေအိမ်၊ လိုင်းခန်း၊ဗဟိုကင်း အဆောက်အအုံများနှင့် လက်နက်ကြီးပစ်ကွင်းများသို့ ဗုံးသီးများထိမှန်ပေါက်ကွဲခဲ့ပြီး ထိခိုက်သေဆုံးမှုကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်း

ဧပြီလ(၁၆)ရက်နေ့ည(၉:၂၀)နာရီခန့်တွင် အုတ်ဖိုမြို့နယ်၊ ဝိုင်းရွာရဲစခန်းကို သာယာဝတီခရိုင် PDFတပ်ရင်း ၃၈၀၂ တပ်ခွဲ(၄) မြေအောက်ပြောက်ကျားတပ်ဖွဲ့(အုတ်ဖို)မှ ဦးဆောင်၍ သာယာဝတီခရိုင်PDFတပ်ရင်း ၃၈၀၁ တပ်ခွဲ(၁) Black Dragon (GBK-PDF)နှင့် YOMA (GBK)တို့ ပူးပေါင်းကာ ၆၀မမ (၅)ချက်၊ ၄၀မမ (၇)ချက် ပစ်ခတ်၍ အခြားလက်နက်ငယ်များ အသုံးပြုပြီးတိုက်ခိုက်ခဲ့ရာ ရဲစခန်းဝန်းအတွင်းရှိ ဓမ္မာရုံ၊ အချုပ်ခန်းဟောင်းနှင့်ဘန်ကာအနီး ကင်းပုန်းဝပ်နေသည့် ရန်သူ့တပ်သားများအပေါ် ကျရောက်ပေါက်ကွဲ၍ ဓမ္မာရုံတစ်ခြမ်းပြိုကျ၊ အချုပ်ခန်းဟောင်းပျက်ဆီးခဲ့ကာ ရန်သူ့တပ်သား (၂)ဦး သေဆုံးပြီး (၁)ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကာ မဟာမိတ် ရဲဘော်(၂)ဦး ခြေဖနောင့်နှင့်လက်တို့တွင် မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တနင်္သာရီတိုင်း

ဧပြီလ(၁၆)ရက်နေ့ညနေ(၄)နာရီခန့်တွင် ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့ ဆိတ်ဖူးရွာနေ ပြည်သူ့စစ်ခေါင်းဆောင် ကျော်ဝင်းနှင့်ဒုခေါင်းဆောင် မြင့်အောင်ကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ကော့သောင်း)က တိုက်ခိုက်ခဲ့ရာ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ ထိခိုက်မှုမရှိ အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့ပြီး AK-47 နှစ်လက်၊ ကျည် (၁၁၉)တောင့်၊ 9mm ပစ္စတိုတစ်လက်၊ ကျည်ကာ (၄)ထည်၊ ယူနီဖေါင်း နှစ်စုံ၊ ဆုံလည် ဂစ်(စ်) သေနတ်တစ်လက်၊ ကျည်ဘောက် (၅)ခုနှင့် ဓါးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရောဝတီတိုင်း

ဧပြီလ(၁၇)ရက်နေ့ည(၉;၃၀)နာရီခန့်တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ အခြေစိုက် အမှတ် (၅၃၄) ခြေမြန်တပ်ရင်းအတွင်းသို့ ရောဝတီလင်းပိုင်မော်ကျွန်းနှင့်မော်ကျွန်းမြို့နယ်ပြည်သူ့ကာကွယ်ရေးအဖွဲ့တို့ ပူးပေါင်းကာ 79 ဗုံးပစ်လောင်ချာ(၄၀)မမ ဗုံးသီးနှစ်လုံးဖြင့် ပစ်ခတ်ခဲ့ပြီး တော်လှန်ရေးရဲဘော်များ ထိခိုက်မှုမရှိ ဆုတ်ခွာနိုင်ခဲ့သည်။